# စပါးရောဂါများ

## ၁။ စပါးဘက်တီးရီးယားရွက်ခြောက်ရောဂါ (Bacterial blight )
## *Xanthomonas oryzae pv.oryzae*





ပယင်းရောင်ဘက်တီးရီးယားစိမ့်ထုတ်ရည်များ

### ရောဂါလက္ခဏာ

စပါးသက်တမ်းတစ်လျှောက်လုံးရောဂါကျရောက်နိုင်သည်။ အပင်ငယ်စဉ်တွင်အောက်ရွက်၏ရွက်ဖျားရွက်နားများတွင်သေးငယ်သောရေစိုနာကွက်စတင်ဖြစ်ပေါ်ပြီးအရွက်ဝါ၍ ခြောက်လာကာ တစ်ပင်လုံးညှိုးသေသွားသည်။ အပင်ပွားစီးချိန်တွင် ရောဂါကွက်သည်အဝါရောင်(သို့)ရေစိုနာစိမ်းပြာရောင်ရှိပြီး အနားမညီဘဲလှိုင်းတွန့်ပုံရှိနေသည်။ ရောဂါရအပိုင်းမှ ပယင်းရောင်အလုံးလေးများကဲ့သို့ ဘက်တီးရီးယားစိမ့်ထုတ်ရည်များက နံနက်စောစောနေမထွက်မီတွေ့နိုင်သည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

မိုးသက်လေမုန်တိုင်းကျခြင်း၊ ရေသွင်းရေထုတ်လုပ်ခြင်းတို့မှ ရောဂါကူးစက်ပျံ့နှံ့စေသည်။

### ကာကွယ်နှိမ်နှင်းနည်း

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- ပေါင်းမြက်များ၊ရောဂါရပင်ကြွင်းပင်ကျန်များမီးရှို့ပါ။
- ပုလဲဓါတ်မြေသြဇာတစ်မျိုးတည်းလွန်ကဲစွာမထည့်ပါနှင့်။
- အပင်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကော့ပါးဟိုက်ဒရောဆိုဒ် | ၄. ၀ - ၆. ၀ ဂရမ်/လီတာ |
| ၂ | ကာဆူဂါမိုင်စင် | ၄. ၀ - ၆. ၀ စီစီ/လီတာ |

# ၁၀။ စပါးရွက်ဖျားဖြူနီမတုတ် (White Tip Nematode)

## ***Aphelenchoides besseyi***



စပါးရွက်ဖျားဖြူရောဂါလက္ခဏာ

## ရောဂါလကၡဏာ

စပါးရွက်ဖျားဖြူရောဂါသည်မျိုးစေ့ဆောင်ဖြစ်သည်။ ရွက်ဖျား (၃-၅) စင်တီမီတာခန့်ဖြူလာပြီး လိမ်ကောက်ကောက်လာခြင်း၊ အနှံများပုံမှန်ထက်သေးသွယ်ပြီး အစေ့များအဆံမတည်ခြင်းစသည့် လကၡဏာများတွေ့ရသည်။

## ရောဂါကူးစက်ပျံ့နှံ့ခြင်း

အဓိကအားဖြင့်မျိုးစေ့မှကူးစက်ပျံ့နှံ့ပါသည်။

## ကာကွယ်နှိမ်နှင်းနည်း

- အိမ်သုံးဆား (၅၀)ကျပ်သားနှင့် ရေ (၁၀)ဂါလံဖျော်ရေထဲတွင် မျိုးစပါးအား (၂၄)နာရီ စိမ်ပြီးစိုက်ပျိုးပါ။
- တိုက်ရိုက်အစေ့ချစိုက်ပျိုးပါ။

## မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ဖျူရာဒန် (၃-ဂျီ) | ၅.၀ - ၁၀ .၀ ဂရမ်/လီတာ |

# ၉။ စပါးလောင်မီး (သို့) ယူဖရာရောဂါ (Ufra or stem nematode)
## *Ditylenchus angustus*



စပါးယူဖရာရောဂါ လက္ခဏာ

### ရောဂါလက္ခဏာ

ပင်ပွားထွက်ချိန်တွင် ရွက်နုများ၏အခြေတွင် ထင်ရှားသောအဖြူစက်များ၊ အဖြူရောင်အကွက်များ စတင်တွေ့ခြင်း၊ ရွက်နုများ၏ အခြေများတွန့်လိမ်ခြင်း၊အနှံထွက်ချိန်တွင် အနှံများ တွန့်လိမ်ပြီးမအောင်မြင်သောအနှံများထွက်ခြင်း၊ အနှံမထွက်နိုင်ဘဲ တစ်လစ်ဖြစ်ခြင်း၊စသည့် လက္ခဏာများတွေ့ရသည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

ပင်ကြွင်းပင်ကျန်များ၊ သွင်းရေများ၊ ရောဂါကျထားသော အကွက်တွင်ပျိုးထောင်ခြင်း၊စိုက်ပျိုးခြင်းများမှ ကူးစက်ပျံ့နှံ့ပါသည်။

### ကာကွယ်နှိမ်နှင်းနည်း

- ရောဂါကျထားသောအကက်မှ ရိုးပြတ်၊ပင်ကြွင်းပင်ကျန် ပေါင်းပင်များကို မီးရှို့ပါ။
- ရောဂါရအခင်းမှရေဖြတ်သန်း၍သွင်းခြင်းကို ရှောင်ကြဉ်ပါ။
- ကာဘိုဖျူရန်ကို အညွှန်းအတိုင်းသုံးပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ဖျူရာဒန် (၃-ဂျီ) | ၅. ၀ - ၁၀ . ၀ ဂရမ်/လီတာ |

# ၈။ စပါးမှိုသီးရောဂါ (False smut)

## *Ustilaginoidea virens*



### ရောဂါလက္ခဏာ

စပါးစေ့များတွင်ပုံမှန်ထက် ၂ဆခန့်ကြီးမားပြီးအစိမ်းရောင်၊ စိမ်းဝါရောင်မှိုအစုအခဲများဖုံးအုပ်ပြီးမှိုသီးများအဖြစ်တွေ့ရသည်။မှိုသားများရင့်လွန်းချိန်တွင်စိမ်းညိုညိုအရောင်ပြောင်းသွားသည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

ရောဂါရစပါးစေ့များသည်လယ်ကွက်ထဲ၌ ကြွေကျကျန်ရစ်ခဲ့ကာစပါးပြန်စိုက်ပြီးနောက် ပန်းပွင့်ချိန်တိုင်အောင်ရောဂါဖြစ်စေသောမှိုသည်ရှင်သန်နေပြီးစပါးပွင့်များပေါ်သို့ရောက်ရှိကာရောဂါဖြစ်စေသည်။၎င်းမှတစ်ဆင့်လေတိုက်ခြင်းဖြင့်အခြားအပင်များသို့ကူးစက်စေသည်။

### ကာကွယ်နှိမ်နှင်းနည်း

- ရောဂါကျစိုက်ခင်းမှမျိုးစေ့ကိုပြန်မသုံးပါနှင့်။
- မျိုးစေ့ကိုမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်ပြီးမှစိုက်ပါ။
- အနှံမထွက်မီရက်အနည်းငယ်အလိုတွင်မှိုသတ်ဆေးဖျန်းပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကာဗင်ဒါဇင် | ၁ . ၈ - ၁ . ၆ ဂရမ်/လီတာ |
| ၂ | ဘီနိုမိုင်း | ၁. ၀ - ၂. ၀ ဂရမ်/လီတာ |
| ၃ | ကော့ပါးဟိုက်ဒြောက်ဆိုဒ် | ၄ . ၀ - ၆ . ၀ ဂရမ်/လီတာ |

# ၇။ စပါးပင်စည်ပုပ်ရောဂါ (Stem rot)
## *Helminthosporium sigmoideum*



## ရောဂါလက္ခဏာ

ရောဂါကိုအပင်ကြီးထွားမှု၏နောက်ပိုင်းအဆင့်တွင်တွေ့ရသည်။ရေမျက်နှာပြင်နှင့်ထိစပ်နေသောနေရာတွင်အမဲရောင်အနာကွက်များစတင်ဖြစ်ပေါ်သည်။ရောဂါကွက်များကျယ်ပြန့်လာပြီးရွက်ဖုံးသည်လုံး၀(သို့)တစ်ပိုင်းတစ်စပုပ်သွားသည်။ထိုမှတစ်ဆင့်ပင်စည်သို့ရောဂါကူးစက်ပြီးပျော့ပုပ်လာကာအပင်ယိုင်လဲသွားသည်။

## ရောဂါကူးစက်ပျံ့နှံ့ခြင်း

ရေသွင်းရေထုတ်ညံ့သောမြေတွင်ရောဂါပိုဖြစ်သည်။ ရောဂါဖြစ်စေသောမှိုမှုန်ညင်းစေ့အရွယ်မှိုမျှင်လုံးသည်စပါးစိုက်သောမြေကြီးတွင်လည်းကောင်း၊ ကောက်ရိုးများတွင်လည်းကောင်းခိုအောင်းနေနိုင်သည်။ ရေလွှမ်းသည့်လယ်များတွင်ထယထိုးထွန်မွှေခြင်းဖြင့် မှိုမျှင်လုံးငယ်များပေါ်လာပြီး ပင်စည်ပိုင်းရွက်ဖုံးများပေါ်သို့ရောက်ကာ ရောဂါကူးစက်စေပါသည်။

## ကာကွယ်နှိမ်နှင်းနည်း

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- ပေါင်းမြက်များ၊ရောဂါရပင်ကြွင်းပင်ကျန်များမီးရှို့ပါ။
- ရောဂါပြင်းထန်မှုလျော့နည်းရန်ပိုတက်ရှ်မြေဩဇာထည့်ပေးပါ။

## မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကလိုရိုသာလိုနေး | ၁. ၅ ဂရမ်/လီတာ |
| ၂ | ဘီနိုမိုင်း | ၁. ၀ - ၂. ၀ ဂရမ်/လီတာ |
| ၃ | သိုင်အိုဖာနိတ်မီသိုင်း | ၂ . ၀ - ၄ . ၀ ဂရမ်/လီတာ |
| ၄ | ကော့ပါးအောက်ဆီကလိုဒိုက် | ၈ . ၀ - ၁၀ . ၀ ဂရမ်/လီတာ |

# ၆။ စပါးရွက်ဖုံးခြောက်ရောဂါ (Sheath blight)
## *Rhizoctonia solani*





## ရောဂါလက္ခဏာ

ရောဂါကွက်သည်ရေမျက်နှာပြင်အထက်ရွက်ဖုံးပေါ်တွင်စိမ်းညိုရောင်ဘဲဥပုံ၊လုံးရှည်ပုံရောဂါကွက်များစတင်ဖြစ်ပေါ်သည်။ရောဂါပြင်းထန်ပါကလျှင်မြန်စွာကျယ်ပြန့်လာပြီးညိုနက်ရောင်အနားသတ်ရှိသောမီးခိုးရောင်ပုံမမှန်အနာကွက်ကြီးများဖြစ်ပေါ်လာသည်။ရွက်ဖုံးများလုံးဝပပ်သွားနိုင်သည်။

## ရောဂါကူးစက်ပျံ့နှံ့ခြင်း

လယ်စပါးယာစပါးအားလုံးကျရောက်နိုင်သည်။ အပင်စိပ်ခြင်း၊ပုလဲမြေသြဇာများပြားစွာထည့်ခြင်း၊အပူချိန်မြင့်မားခြင်း၊စိုထိုင်းဆများခြင်းတို့သည်ရောဂါကိုပိုမိုဆိုးရွားစေသည်။ မှန်ညင်းစေ့ခန့်အနက်ရောင်မှိုမျှင်လုံးငယ်များရေတွင်မျောပါပြီးတစ်ခင်းမှတစ်ခင်းသို့ကူးစက်နိုင်ပါသည်။

## ကာကွယ်နှိမ်နင်းနည်း

- အပင်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ပေါင်းမြက်များ၊ရောဂါရပင်ကြွင်းပင်ကျန်များမီးရှို့ပါ။
- ပုလဲဓါတ်မြေသြဇာတစ်မျိုးတည်းလွန်ကဲစွာမထည့်ပါနှင့်။

## မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကာဘင်ဒါဇင် | ၀.၈ - ၁.၆ ဂရမ်/လီတာ |
| ၂ | ဗလစ်ဒါမိုင်ဇင် | ၄.၀ - ၆.၀ ဂရမ်/လီတာ |

# ၅။ စပါးဂုတ်ကျိုးရောဂါ (Rice blast)
## *Pyricularia oryzae*

   

### ရောဂါလက္ခဏာ

ပျိုးခင်းအဆင့်တွင်ရောဂါစတင်ဖြစ်ပေါ်နိုင်သည်။အရွက်ပေါ်တွင်လွန်းပုံရောဂါအကွက်များတွေ့ရသည်။အကွက်များကြီးလာလျှင်အလယ်တွင်မီးခိုးရောင်ရှိပြီးရောဂါကွက်များပေါင်းစပ်သွားကာအရွက်များသေသွားတတ်သည်။အနံတွင်ရောဂါကျရောက်ပါကဂုတ်တွင်အညိုရောင်အကွက်များဖြစ်ပေါ်လာပြီးကျိုးကျတတ်သည်။ နို့ရည်မတည်မီရောဂါကျရောက်ပါက စပါးရင့်မှည့်ချိန်မတိုင်မီစပါးနှံများဖြူဖွေးထောင်မတ်နေသည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

နွေစပါးတွင်ပိုမိုကျရောက်တတ်သည်။အပူချိန်နိမ့်ကျလျှင်ရောဂါပြင်းထန်သည်။ပုလဲခါတ်မြေသြဇာကိုတစ်ကြိမ်တည်းမြောက်များစွာထည့်ခြင်းသည်ရောဂါကိုအားပေးသည်။ရောဂါသည်လေဖြင့်လည်းကောင်း၊သွင်းရေထုတ်ရေဖြင့်လည်းကောင်း၊တစ်ခင်းမှတစ်ခင်းကူးစက်သည်။ရောဂါကျမျိုးစေ့၊ကောက်ရိုး၊ပေါင်းမြက်များမှတစ်ဆင့်တစ်ရာသီမှတစ်ရာသီသို့ကူးစက်သည်။

### ကာကွယ်နှိမ်နှင်းနည်း

- ပေါင်းမြက်များ၊ရောဂါရပင်ကြွင်းပင်ကျန်များမီးရှို့ပါ။
- အပင်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- နွေစပါးစိုက်ခင်းတွင်ရေအမြဲရှိရန်ဆောင်ရွက်ပါ။
- ရောဂါရအခင်းတွင်ပုလဲခါတ်မြေသြဇာလုံးဝမထည့်ဘဲပိုတက်ရှ်ခါတ်မြေသြဇာ ၁. ၂၅ အိတ်/ဧက (သို့) ကောက်ရိုးပြာ (၇-၈)တင်း/ဧက ထည့်ပေးပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | သိုင်အိုဖါနိတ်မီသိုင်း | ၂. ၀ - ၄. ၀ ဂရမ်/လီတာ |
| ၂ | ဘီနိုမိုင်း | ၁. ၀ - ၂. ၀ ဂရမ်/လီတာ |
| ၃ | သိုင်အိုဖါနိတ်မီသိုင်း + သိုင်ရမ် | ၁. ၀ - ၂. ၀ ဂရမ်/လီတာ |

# ၄။ စပါးရွက်ညိုပြောက်ရောဂါ (Brown spot)

## *Helminthosporium oryzae*





### ရောဂါလက္ခဏာ

အရွက်ပေါ်တွင်နှမ်းစေ့အရွယ်ဘဲဥပုံအညိုပြောက်များညီညာစွာပြန့်ကြဲနေသည်။ ကြီးလာပါကအညိုရောင်အနားရစ်နှင့်မီးခိုးရောင်ဗဟိုရှိသောအကွက်ပြောက်များတွေ့ရသည်။စပါးစေ့အခွံနှင့်ဆန်စေ့တွင်အမဲပြောက်များတွေ့နိုင်သည်။ အဆန်မအောင်ဘဲစပါးစေ့ရှုံ့လိမ်၍အရောင်ပျက်စေသည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

အာဟာရချို့တဲ့သောမြေ၊ပုလဲဓါတ်မြေဩဇာလွန်ကဲသောမြေ၊ရေသွင်းရေထုတ်ညံ့သောမြေ၊အပုပ်လွန်သောမြေများတွင်ရောဂါပိုမိုဖြစ်ပေါ်စေသည်။ တိမ်ထူပြီးမိုးမပြတ်ရွာပါကရောဂါပြန့်ပွါးမှုမြန်စေသည်။ရောဂါရမျိုးစေ့မှအဓိကကူးစက်ပျံ့နှံ့စေသည်။

### ကာကွယ်နှိမ်နှင်းနည်း

- ရောဂါကင်းသောမျိုးစေ့ကိုသုံးပါ။
- ပေါင်းမြက်များ၊ ရောဂါရပင်ကြွင်းပင်ကျန်များမီးရှို့ပါ။
- သဘာဝမြေဩဇာ၊ ဓါတ်မြေဩဇာနှင့်အနည်းလိုအာဟာရဓါတ်များအချိုးညီစွာသုံးစွဲပါ။
- ရေသွင်းရေထုတ်စံနစ်တကျပြုလုပ်ပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | သိုင်အိုဖါနိတ်မီသိုင်း + သိုင်ရမ် | ၁.၀ - ၂.၀ ဂရမ်/မျိုးစေ့ ၁ ကီလိုဂရမ် |

# ၃။ စပါးရွက်ဖုံးပုပ်ရောဂါ (Sheath rot)
## *Sarocladium oryzae*






အနှံမထွက်နိုင်ဘဲ တစ်လစ်ဖြစ်နေပုံ

### ရောဂါလက္ခဏာ
အလံရွက်၏ရွက်ဖုံးပေါ်တွင်လုံးရှည်ပုံ(သို့)ပုံမမှန် အညိုရောင်အနားရစ်ရှိသော မီးခိုးရောင်အနာကွက်ကိုတွေ့နိုင်သည်။ ရောဂါပြင်းလျှင်အနှံမထွက်နိုင်ဘဲတစ်လစ်ဖြစ်ကာရွက်ဖုံး၏အတွင်းဘက်တွင်ဖြူဖွေးသောမှိုကိုတွေ့ရပြီးအနှံပုပ်သွားနိုင်သည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း
ရောဂါသည်လေဖြင့်လည်းကောင်း၊ မျိုးစေ့တွင်ကပ်ပါ၍လည်းကောင်း ကူးစက်ပျံ့နှံ့စေသည်။ စပါးပင်အတွင်းသို့ ပိုးကောင်ကိုက်ရာအနာမှတစ်ဆင့်ဝင်ရောက်သည်။ ဖုံးတုံးလုံးတံချိန်လေပြင်းမိုးပြင်းကျရောက်ပါကရောဂါပိုမိုဖြစ်ပွားစေသည်။ ပိုတက်ရှ်ဓါတ်မြေသြဇာနည်းပြီး ပုလဲဓါတ်မြေသြဇာများများထည့်ပါက ရောဂါပိုမိုဆိုးရွားစေပါသည်။

### ကာကွယ်နှိမ်နှင်းနည်း
- ရောဂါကင်းသောမျိုးစေ့ကိုသုံးပါ။
- အပင်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ရောဂါရအနှံနှင့်ရွက်ဖုံးများကိုမီးရှို့ပါ။
- မြေသြဇာကိုအချိုးညီစွာသုံးစွဲပါ။

### မြန်မာနိုင်ငံတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကာဘင်ဒါဇင် | ၀.၈ - ၁.၆ ဂရမ်/လီတာ |
| ၂ | ဘီနိုမိုင်း | ၁.၀ - ၂.၀ ဂရမ်/လီတာ |
| ၃ | သိုင်အိုဖါနိတ်မီသိုင်း | ၂.၀ - ၄.၀ ဂရမ်/လီတာ |
| ၄ | သိုင်အိုဖါနိတ်မီသိုင်း + သိုင်ရမ် | ၁.၀ - ၂.၀ ဂရမ်/လီတာ |

## ၂။ စပါးဘက်တီးရီးယားရွက်စင်းရောဂါ (Bacterial leaf streak )
***Xanthomonas oryzae pv. oryzicola***



အလင်းဖေါက်နိုင်သော
ဘက်တီးရီးယားရွက်စင်းများ



ဘက်တီးရီးယားရွက်စင်းရောဂါ

### ရောဂါလက္ခဏာ

အပင်ပွားစီးချိန်နောက်ပိုင်းအရွက်ပေါ်တွင်အစင်းငယ်များကိုရွက်ကြောကြားတွင်တွေ့ရပြီးရောဂါပြင်းထန်လာပါကအစင်းများသည်အဝါရောင်၊လိမော်ရောင်သို့ပြောင်းပြီး တဆက်တည်းပေါင်းစပ်သွားသည်။ ရောဂါရအရွက်ကိုထောင်ကြည့်ပါက အလင်းပေါက်နေသည့်ရောဂါအစိတ်အပိုင်းကိုတွေ့ရသည်။

### ရောဂါကူးစက်ပျံ့နှံ့ခြင်း

စပါးရွက်လိပ်ပိုး၊ရွက်ခေါက်ပိုးနှင့်လောင်မီးပိုးတို့ဖျက်ဆီးသောဒါဏ်ရာမှလွယ်ကူစွာဝင်ရောက်နိုင်သည်။ မိုးသက်လေမုန်တိုင်းကျခြင်းမှ ရောဂါကူးစက်ပျံ့နှံ့စေသည်။

### ကာကွယ်နှိမ်နှင်းနည်း

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- ပုလဲခါတ်မြေဩဇာတစ်မျိုးတည်းလွန်ကဲစွာမထည့်ပါနှင့်။
- အပင်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။

### မြန်မာနိုင်ငတွင်ဝယ်ယူအသုံးပြုနိုင်သောမှိုသတ်ဆေးများနှင့်နှုန်းထားများ

| စဉ် | ဆေးအမည် | နှုန်းထား |
|---|---|---|
| ၁ | ကော့ပါးဟိုက်ဒရောဆိုဒ် | ၄.၀ - ၆.၀ ဂရမ်/လီတာ |
| ၂ | ကာဆူဂါမိုင်စင် | ၄.၀ - ၆.၀ စီစီ/လီတာ |